Manulife

# Manulife ဘဝအာမခံ

သင်နှင့် သင့်မိသားစုအတွက်
ငွေကြေးဆိုင်ရာ ဖြေရှင်းမှုနှင့် အကာအကွယ်ပေးမှု



Manulife

# ကျွန်တော်တို့ အကြောင်း

## မြန်မာနိုင်ငံအတွက် အာမခံလုပ်ငန်း

သင့်မိသားစု အေးချမ်းစွာနေနိုင်ဖို့နဲ့ သူတို့ဘဝ နောင်ရေးက သင့်အတွက် အရေးကြီးဆုံးဆိုတာ ကျွန်တော်တို့ နားလည်ထားပါတယ်။ အကောင်းဆုံးသော မိသားစုဘဝတွေကို ပိုင်ဆိုင်ဖို့ရာအတွက် သင်အတတ်နိုင်ဆုံး ကြိုးစားနေမယ်ဆိုတာကိုလည်း သိပါတယ်။ သူတို့အနာဂတ်နောင်ရေးကို တာဝန်ယူဖို့ အလုပ်များနေတဲ့အချိန်မှာ ဘဝရဲ့အခြေအနေတိုင်းအတွက် ငွေကြေးဆိုင်ရာ အကာအကွယ်ပေးနိုင်ဖို့ သင့်ကိုယ်စား ကျွန်တော်တို့ရှိပါတယ်။

Manulife က မြန်မာနိုင်ငံရဲ့ မိသားစုတွေအတွက် ပိုပြီးကောင်းမွန်တဲ့ အနာဂတ်ကိုပိုင်ဆိုင်နိုင်ဖို့ အသင့်လျော်ဆုံး အာမခံနှင့်ငွေကြေးဆိုင်ရာ အကြံပြုချက်တွေကို ဝန်ဆောင်မှုပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။

ဘာကြောင့်လဲဆိုတော့ လူသားတိုင်းရဲ့ဘဝက တန်ဖိုးရှိပြီး အကာအကွယ်ပေးသင့်လို့ဖြစ်ပါတယ်။

## မြန်မာနိုင်ငံသားတွေကို အကာအကွယ်ပေးနေမယ့် Manulife

မြန်မာနိုင်ငံက အိမ်ထောင်ဦးစီးတစ်ယောက်အတွက် မိသားစုဟာ ပထမဦးစားပေးဖြစ်သလို Manulife ကလည်း သင့်သဘောထားနဲ့ တသားတည်းရှိပါတယ်။ Manulife ဟာ အဖိုးတန်တဲ့ မြန်မာပြည်သူတွေရဲ့ဘဝတွေကိုသာလွန်ကောင်းမွန်ပြီး လုံခြုံစိတ်ချရတဲ့ အခြေအနေရောက်ရှိဖို့ မှန်ကန်တဲ့ ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ အကူအညီပေးဖို့ အဆင်သင့် ရှိနေပါတယ်။

## ငွေကြေးဆိုင်ရာ ဖြေရှင်းမှုများ

မိသားစုကို နံပါတ်တစ် ဦးစားပေးခြင်းဆိုတာ အဓိကအားဖြင့် သူတို့ရဲ့အနာဂတ်ကို စိတ်ချလုံခြုံစေဖို့ အာမခံအစီအစဉ် ထားပေးခြင်းဖြစ်ပါတယ်။ အဖိုးတန်တဲ့ သင့်မိသားစု၊ သင့်ပိုင်ဆိုင်မှုများနဲ့ သင့်အနာဂါတ် လုံခြုံစိတ်ချနိုင်ဖို့ ရှင်းလင်းလွယ်ကူတဲ့ အာမခံအစီအစဉ်တွေ ကျွန်တော်တို့ဆီမှာ ရေးဆွဲပေးထားပါတယ်။

Manulife

# ကျွန်တော်တို့ရဲ့ မှတ်တိုင်များ

## မိသားစုများအား ရာစုနှစ်တစ်ခုကျော် အကာအကွယ်ပေးခြင်း

မိသားစုကို ရှေ့တန်းတင်ခြင်းက ကျွန်တော်တို့ရဲ့နံပါတ်တစ် ဦးစားပေး ဖြစ်ပါတယ်။ (၇၇)နှစ်ကြာပြီးနောက် မြန်မာ နိုင်ငံသားတွေ ရဲ့အနာဂတ်အတွက် မှန်ကန်တဲ့ငွေကြေး ဆိုင်ရာ ဆုံးဖြတ်ချက်တွေချရာမှာ ကူညီပေးနိုင်တဲ့ လုပ်ငန်း တွေ ဆက်လက် လုပ်ဆောင်ဖို့ ပြန်လည်ရောက်ရှိလာရတာ အရမ်းဂုဏ်ယူမိပါတယ်။

**1887**
ဇွန်လ ၂၃ ရက်နေ့
ကနေဒါနိုင်ငံတွင် စတင်ခဲ့

**130**
နှစ်ပေါင်း ၁၃၀ ရှိခဲ့

**No. 1**
ကနေဒါနိုင်ငံရဲ့အကြီးဆုံး
အသက်အာမခံအဖွဲ့အစည်း



ကနေဒါနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်
John A Macdonald မှ တည်ထောင်ခဲ့

**1897**
အာရှသို့ ချဲ့ထွင်ခဲ့

**23**
ကမ္ဘာနဲ့အဝန်း ၂၃ နိုင်ငံမှာ
လုပ်ငန်းလုပ်ဆောင်နေ

**1903**
မြန်မာနိုင်ငံတွင်
Manulife စတင်ခဲ့

**1942**
ဒုတိယကမ္ဘာစစ်ကြောင့် မြန်မာနိုင်ငံအတွင်း
လုပ်ငန်းစဉ်များရပ်ဆိုင်းခဲ့ရ

**2019**
မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ

# Manulife
# ဘဝအာမခံ

သင်နှင့် သင့်မိသားစုအတွက်
ငွေကြေးဆိုင်ရာ ဖြေရှင်းမှုနှင့် အကာအကွယ်ပေးမှု

Manulife

# Manulife ဘဝအာမခံ အကျိုးရလဒ်

သင့်ကိုယ်သင် ကာကွယ်ထားခြင်းက သင့်မိသားစုအတွက် အကာအကွယ်ပေးခြင်းပါပဲ။ သေဆုံးခြင်း (သို့မဟုတ်) ရာသက်ပန် ကိုယ်လက်အင်္ဂါ မသန်စွမ်းဖြစ်ခြင်းတို့ကို ငွေကြေးအားဖြင့် အကာအကွယ်ပေးနိုင်ဖို့ အသက်အာမခံအစီအစဉ်တစ်ခုဖြစ်တဲ့ Manulife ရဲ့ဘဝအာမခံနဲ့အတူ အခြေအနေအရပ်ရပ်တိုင်းမှာ လုံခြုံမှုကို ရယူလိုက်ပါ။



Manulife

# အကျိုးကျေးဇူးများ

### အကျုံးဝင်မှု

သေဆုံးခြင်းနှင့် ရာသက်ပန် ကိုယ်လက်အင်္ဂါ မသန်စွမ်းဖြစ်ခြင်းတို့အတွက် အကာအကွယ်ရနိုင်ပါတယ်။

### ငွေကြေးဆိုင်ရာ အကာအကွယ်ပေးခြင်း

သေဆုံးခြင်းနှင့် ရာသက်ပန် ကိုယ်လက်အင်္ဂါ မသန်စွမ်းဖြစ်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ရှိသော် အာမခံထားရှိမှု အားလုံးရဲ့ ၂၀၀ ရာခိုင်နှုန်းကို ရယူနိုင်ပါတယ်။ ဒ့ါအပြင် မတော်တဆမှုကြောင့် ဖြစ်ပွားခဲ့ရင်လည်း ထပ်ဆောင်းအနေနဲ့ အာမခံထားရှိမှုရဲ့ ၂၀၀ ရာခိုင်နှုန်းကို ထပ်မံရရှိနိုင်မှာ ဖြစ်ပါတယ်။

### သက်တမ်းပြည့် အကျိုးခံစားခွင့်နှင့် ငွေကြေးတန်ဖိုး

ကာကွယ်မှုအတွက် အသုံးပြုခြင်း မရှိခဲ့သော် ပေါ်လစီသက်တမ်းကုန်ဆုံးတဲ့ နေ့မှာ အာမခံထားရှိမှုရဲ့ ၁၀၀ ရာခိုင်နှုန်းကို ပြန်လည်ထုတ်ယူနိုင်ပါတယ်။ သင်ရွေးချယ်တဲ့ ပေါ်လစီဟာ စုဆောင်းထားသကဲ့သို့ တန်ဖိုးရှိလာမှာဖြစ်ပါတယ်။

### သက်တမ်း ရွေးချယ်နိုင်ခြင်း

သင်တတ်နိုင်တဲ့ငွေကြေး၊ လိုအပ်တဲ့ ကာကွယ်မှုနဲ့အညီ သင့်လျော်ရာ သက်တမ်းတစ်ခုကို ရွေးချယ်နိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာ ၁၀ နှစ်အတွက် ပေးနိုင်တဲ့ ၁၀ နှစ်စာ အစီအစဉ်အပြင် အနှစ် ၂၀ စာပေးနိုင်တဲ့ အစီအစဉ်တွေလည်း ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

### အခွန်သက်သာ ခံစားခွင့်

အာမခံသွင်းငွေပမာဏအလိုက် ပေးဆောင်ရမယ့်ဝင်ငွေခွန်လည်း သက်သာမှာ ဖြစ်ပါတယ်။

Manulife

# ဘ၀အာမခံ လေ့လာတွေ့ရှိချက်

**20**


**year coverage**

အသက် ၃၀ အရွယ် မာကက်တင်း ဝန်ထမ်းတစ်ဦးဖြစ်တဲ့ ကိုအောင်သက်ဆိုသူက Manulife ဘ၀အာမခံ ပေါ်လစီကို ဝယ်ယူထားတာဖြစ်လို့ သူ့အတွက် မျှော်လင့်မထားတဲ့ သေဆုံးမှုနဲ့ ကိုယ်လက်အင်္ဂါ မသန်စွမ်းဖြစ်ခြင်းများအတွက် စိတ်ပူစရာ မလိုတော့ပါဘူး။

သူက အာမခံကြေးငွေ သိန်း ၅၀ တန်တဲ့ နှစ် ၂၀ သက်တမ်းအစီအစဉ်ကို ရွေးချယ်ထားလို့ သူ့အသက် ၅၀ ပြည့်တဲ့အချိန်ထိ အာမခံက သူ့ကို အကာအကွယ် ပေးနေမှာဖြစ်ပါတယ်။

**သက်တမ်းပြည့် အကျိုးခံစားခွင့်**

သူ့အသက် ၅၀ ပြည့်လို့ အဲဒီအရာတွေ မဖြစ်ပျက်ခဲ့ဘူးဆိုရင် အာမခံ ပေါ်လစီ သက်တမ်းပြည့် အကျိုးခံစားခွင့် သိန်း ၅၀ ရမှာဖြစ်ပါတယ်။




အကယ်၍သူဟာ သေဆုံးခဲ့သည်ရှိသော် (သို့မဟုတ်) ကိုယ်လက်အင်္ဂါ မသန်စွမ်းဖြစ်ခဲ့သည်ရှိသော် သူ့မိသားစုက အာမခံ အကျိုးခံစားခွင့် သိန်း ၁၀၀ နဲ့အတူ မတော်တဆကြောင့် အဲဒီအရာတွေဖြစ်ပျက်ခဲ့မယ်ဆိုရင် အပိုဆောင်း အကျိုးခံစားခွင့် သိန်း ၁၀၀ ရမယ်ဆိုတာ သိထားတဲ့အတွက် အခုအချိန်မှာသူဟာ ယုံကြည်မှုပြည့်ဝနေပါတယ်။

Manulife

# မေးလေ့မေးထရှိသော မေးခွန်းများ

### ဘယ်အသက်အရွယ်မှာ အသက်အာမခံထားခွင့်ရှိလဲ ?

အသက်အာမခံထားခွင့်အတွက် အနည်းဆုံး ၁၆နှစ် ပြည့်ရပါမယ်။ ၁၀ နှစ် အစီအစဉ်အတွက် အများဆုံး အသက် ၅၅ နှစ် အထိ ထားနိုင်ပါတယ်။ အနှစ် ၂၀ အစီအစဉ်အတွက် အများဆုံး အသက် ၄၅ နှစ်အထိ ထားနိုင်ပါတယ်။

### အနည်းဆုံး ဝယ်ယူထားရှိနိုင်မယ့်အာမခံကြေးငွေပမာဏ ?

အာမခံကြေးငွေ အနည်းဆုံး သိန်း ၅၀ မှစ၍ ဝယ်ယူထားရှိနိုင်ပါတယ်။

### ဘယ်အချိန်မှာ ပေါ်လစီ သက်တမ်းကုန်ဆုံးမှာလဲ ?

အာမခံကြေးငွေ အပြည့် သို့မဟုတ် သက်တမ်းအပြည့် အကျိုးခံစားခွင့် ပေးချေပြီးတဲ့အခါ ပေါ်လစီသက်တမ်း ကုန်ဆုံးမှာဖြစ်ပါတယ်။

### အာမခံအစီအစဉ်ကို အချိန်မရွေး ပယ်ဖျက်နိုင်ပါသလား ?

အချိန်မရွေး ပယ်ဖျက်နိုင်ပါတယ်။ ပယ်ဖျက်ပြီးတဲ့အခါမှာ နှစ်အလိုက်သတ်မှတ်ထားတဲ့ ငွေတန်ဖိုး (Cash Value)ကို ပြန်လည်ထုတ်ယူနိုင်ပါတယ်။ ငွေတန်ဖိုး (Cash Value)က ဆက်လက်မြင့်တက်နေမှာဖြစ်လို့ မပယ်ဖျက်ခင်မှာ သေချာစဉ်းစားဖို့တော့လိုပါတယ်။



Manulife

# ကျွန်တော်တို့နဲ့ လက်တွဲပါ

မြန်မာနိုင်ငံသားတွေရဲ့ဘဝ တိုးတက်ပြောင်းလဲအောင် လုပ်ဆောင်ဖို့၊
အရင်နဲ့မတူညီတဲ့ ပုံစံမျိုးနဲ့ သင့်ကိုကာကွယ်ပေးဖို့ ငွေကြေးဆိုင်ရာ
စီမံခန့်ခွဲမှုတွေကို ပြန်လည်ရေးဆွဲဖို့ Manulife ရောက်ရှိနေပါပြီ။
ဘာကြောင့်လဲဆိုတော့ သင့်မိသားစုက အဖိုးထိုက်တန်ပြီး
အကာအကွယ်ပေးသင့်လို့ပဲ ဖြစ်ပါတယ်။

အသက်အာမခံအတွက် Manulife ကိုရွေးချယ်ပါ။
ကျွန်တော်တို့ရဲ့အာမခံဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နဲ့ဆွေးနွေးပါ။



Manulife

+95 9 765467100

Manulife Myanmar Life Insurance Company Limited
အမှတ် ၁၁၊ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်၊
၁၆ လွှာ၊ ကန်သာယာရုံးခန်းတာဝါ၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်၊ မြန်မာ။

Customer_Service_MM@manulife.com

www.manulife.com.mm

Manulife Myanmar